## အများပြည်သူအပန်းဖြေရာနေရာများ၊ ပန်းခြံများတွင်ထားရှိရမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သတိပြုလိုက်နာရန်အချက်များ (Version 01)

**နေ့စွဲ- ၁၃.၁.၂၀၂၁**

(၁) ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်ထားခြင်းမရှိပါက အများပြည်သူအပန်းဖြေနေရာများ၊ ပန်းခြံများအတွင်းသို့ လုံးဝ (လုံးဝ) ဝင်ရောက်ခွင့်မရှိပါ။

(၂) အများပြည်သူအပန်းဖြေနေရာများ၊ ပန်းခြံများတွင် ရှိနေစဉ်တစ်လျှောက်လုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို အမြဲတပ်ဆင်ထားရမည်။ မိမိနေအိမ်သို့ ရောက်ရှိမှသာလျှင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို ချွတ်ပါ။

(၃) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် ကိုဗစ်-၁၉ သံသယလက္ခဏာ တစ်ခုခုကိုခံစားနေရသူများ၊ လွန်ခဲ့သည့် (၁၄) ရက်အတွင်း ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် ထိတွေ့ခဲ့ခြင်းရှိသူများအနေဖြင့် အများပြည်သူအပန်းဖြေနေရာများသို့ လာရောက်ခြင်း လုံးဝ (လုံးဝ) မပြုရပါ။

(၄) အသက် (၆၀) နှစ်အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို/ သွေးတိုး/ နှလုံး/ အသည်း/ ကျောက်ကပ်/ ကင်ဆာစသည့် နာတာရှည်ရောဂါရှိသူများအနေဖြင့် အများပြည်သူအပန်းဖြေနေရာများသို့ လာရောက်ခြင်း မပြုသင့်ပါ။ မဖြစ်မနေလာရောက်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)နှင့် တွဲဖက်၍ မျက်နှာအကာ (Face Shield) များကိုပါ တပ်ဆင်ပါ။

(၅) အခြားသူများနှင့် တတ်နိုင်သမျှ (၆)ပေအကွာ ခပ်ခွာခွာနေထိုင်သွားလာပါ။

(၆) အများပြည်သူအပန်းဖြေနေရာများတွင် စုဝေးစားသောက်ခြင်းကို လုံးဝ (လုံးဝ) ရှောင်ကြဉ်ပါ။ လူအများ ဝိုင်းဖွဲ့၍ ကျယ်လောင်စွာ စကားပြောဆိုခြင်းနှင့် သီချင်းဆိုခြင်းများကို ရှောင်ကြဉ်ပါ။

(၇) အပန်းဖြေနေရာများရှိ အများသုံးပစ္စည်းများကိုတတ်နိုင်သမျှမကိုင်တွယ်ပါနှင့်။ မဖြစ်မနေကိုင်တွယ်ရပါက မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာနှင့်ရေအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့် (၂၀) အကြာ စနစ်တကျ ဆေးကြောပါ (သို့မဟုတ်) အယ်ကိုဟောလ် (၆၀%) နှင့် အထက်ပါဝင်သော ရေမလိုလက်သန့်ဆေး ရည်ကိုအသုံးပြုပါ။

(၈) အများပြည်သူအပန်းဖြေနေရာများတွင် အနည်းငယ်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်မည် ဆိုပါက တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၈)ပေခန့်အကွာခွာ၍ ဆောင်ရွက်ပါ။

(၉) အမှိုက်များကို သတ်မှတ်အမှိုက်စွန့်ပစ်ရန်နေရာများ/ အဖုံးပါသောအမှိုက်ပုံးများအတွင်းသို့ စနစ်တကျစွန့်ပစ်ပါ။

(၁၀) ကိုဗစ်-၁၉ ကာကွယ်ရန်အတွက် လူတိုင်း၊ မိသားစုတိုင်းအနေဖြင့် တစ်ဦးနှင့်တစ်ဦး အသိပေး၊ သတိပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**